**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

စတုတ္ထနေ့ **အစည်းအဝေး အကျဉ်းချုပ်**

**၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်**

**(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)**

**[ ကြာသပတေးနေ့ ]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၉ ခုနှစ်၊ **နိုဝင်ဘာလ ၁၄** ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်း**

၂။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ က အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီတွင် အဖွဲ့ဝင်နေရာ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူရာ လွှတ်တော်က အတည်ပြုသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၃။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

(က) ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကော့စိန်ကျွန်းပေါ်ရှိ ကော့တွန်ကျေးရွာ၊ ကော့ပေါက်ကျေးရွာနှင့် ကော့စိန်ကျေးရွာများသို့ မဟာဓာတ်အားလိုင်း သွယ်တန်းပေးရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်နယ်အစိုးရရန်ပုံငွေ သို့မဟုတ် ပြည်ထောင်စုရန်ပုံငွေတို့တွင် ထည့်သွင်းလျာထားပေးကာ ဘဏ္ဍာငွေ ရရှိမှုအပေါ်မူတည်ပြီး အကောင်အထည်ဖော်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ခ) ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **လာမည့် ၂၀၂၀ ပြည့်နှစ် ပူပြင်းသည့်နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်လျှော့ချခြင်းများ မရှိစေရန် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း က ဓာတ်အားစနစ်တစ်ခုလုံး ဓာတ်အားပြတ်တောက်မှုကို

လျှော့ချဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် နွေရာသီတွင် လျှပ်စစ်ခတ်အား ပြတ်တောက် လျှော့နည်းစေရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိ **ကြောင်း** ရှင်းလင်းဖြေကြားသည်။

(ဂ) ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ တဲချောင်းကျေးရွာအုပ်စု၊ ဂုံးတောင်ကျေးရွာ အခြေခံပညာ မူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးထားပြီး (၆၀x၃၀)ပေ RCC တစ်ထပ်ဆောင် (၁)ဆောင် ဆောက်လုပ်ရန် လိုအပ်သောရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေး နှစ်တွင် ထပ်မံစိစစ်သွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **အင်းစိန်မြို့နယ် နှင့် မင်္ဂလာဒုံမြို့နယ်များရှိ အခြေခံပညာကျောင်းများအတွက် တရားဝင် မြေဂရန်များ လျင်မြန်စွာ ချထားပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က မှန်ကန်သော မြေဂရန် ရရှိရေးဆောင်ရွက်ရာတွင် အခြားဝန်ကြီးဌာနပိုင် မြေများနှင့် တပ်ပိုင်မြေများသည် အဆိုပါဌာနများမှ ပြန်လည်စွန့်လွှတ်ပေးမှသာ မြေဂရန်များရရှိရေး ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အထောက်အထား ပြည့်စုံစွာစိစစ်ပြီးမှသာ မြေယာဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် တင်ပြလျှောက်ထားသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(င) ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်တွင် တိုင်းရင်းသားစာပေ သင်ကြားသည့် ဆရာ/ဆရာမများ ထပ်မံခန့်ထားပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် Teaching Assistant ခန့်ထားပေးနိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ လျှောက်လွှာများရောက်ရှိလာပါက သတ်မှတ်မှုများနှင့်အညီ ထပ်မံစိစစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျောင်းသား ဦးရေ နည်းပါးသောကျောင်းများတွင် တိုင်းရင်းသားစာပေ သင်ကြားပေးနိုင်ရန် ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်မူကို (၁:၄၀)မှ(၁:၂၀) ကျောင်းသား

ဦးရေ(၂၀)ဦးအထိ ဖြေလျှော့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်း ဖြေကြားသည်။

**အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်းနှင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၄။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်လွင် (ဥပဒေကြမ်းကော်မတီဝင်)က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စက်မှုဇုန် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းပြီး ဒုတိယဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

၅။ အစည်းအဝေးကို ၁၀:၅၉ နာရီ အချိန်တွင် ရပ်နားပြီး ပဥ္စမနေ့ အစည်းအဝေးကို ၁၉-၁၁-၂၀၁၉ ရက်နေ့ (အင်္ဂါနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**